မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သတ်မှတ်ထားသည့် လုပ်ငန်းဝင် သင်ရိုးညွှန်းတမ်း

ဘာလီအဖွဲ့ဝင်နိုင်ငံများရှိ မျက်နှာစာတန်း

နယ်စပ်ဒေသအရာရှိများ အတွက် အခြေခံ

မူဝါဒ

လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်းနှင့် ဆက်စပ် နယ်စပ်ဖြတ်ကျော် မှုခင်းများအတွက် ဘာလီလုပ်ငန်းစဉ်ကို ၂၀၀၂ခုနှစ်တွင်စတင်ခဲ့ပြီး လွတ်လပ်သောအချုပ်အနှောင်မဲ့ဒေသတွင်းဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဩစတေးလျှနိုင်ငံအစိုးရနှင့် အင်ဒိုနီးရှားနိုင်ငံအစိုးရတို့မှ ပူးတွဲသဘာပတိအဖြစ်ဦးဆောင်ကာ နိုင်ငံများနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုကျော် အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

ယခုသင်ရိုးညွှန်းတမ်းနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာအထောက်အကူပြုရုံး (RSO) သို့ မေးမြန်းနိုင်ပါသည်။

Email: info@rso.baliprocess.net

RSO website:

http://www.baliprocess.net/regional-support-office

ကျေးဇူးတင်လွှာ

ဘာလီလုပ်ငန်းစဉ်၏ ဒေသဆိုင်ရာအထောက်အကူပြုရုံးကိုယ်စား မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများ အတွက် သတ်မှတ်ထားသည့် လုပ်ငန်းဝင် သင်ရိုးညွှန်းတမ်းအား ရွှေ့ပြောင်းအခြေချမှုဆိုင်ရာနိုင်ငံတကာအဖွဲ့ အစည်းမှ ရေးဆွဲခဲ့သည်။ အောက်ပါအဖွဲ့ဝင်များပါဝင်သည့် သင်ရိုးညွှန်းတမ်းစိစစ်ရေးကော်မတီက အဆိုပါ ရေးဆွဲမှုအား ကြီးကြပ်ခဲ့သည်။

Australian Government
Department of Immigration and Border Protection

လူဝင်မှုကြီးကြပ်ရေးနှင့်နယ်စပ်ဒေသကာကွယ်စောင့်ရှောက်ရေးဌာန
မက်သယူးနိုဘယ်
ပထမအတွင်းဝန်၊လူဝင်မှုကြီးကြပ်ရေး။
ဩစတေးလျသံရုံး၊ ဘန်ကောက်မြို့ ။

အထွေထွေလူဝင်မှုကြီးကြပ်ရေးဌာန
ဝါတာနာမွန်ကို
လက်ထောက်ညွှန်ကြားရေးမှူး
ပထမနယ်စပ်ဂိတ်စစ်ဆေးရေးဌာန။
ကမ္ဘောဒီးယား

လူဝင်မှုကြီးကြပ်ရေးဌာန
ဆီဗီလေးသာမာစစ်
လက်ထောက်ညွှန်ကြားရေးမှူး
နယ်စပ်ဒေသစစ်ဆေးရေးနှင့် စီမံခန့်ခွဲမှုဌာန
လာအို

လူဝင်မှုကြီးကြပ်ရေးဌာန
ဟာ့စနီယာကွတ်
အကြီးတန်းဒုတိယလက်ထောက်ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးအကယ်ဒမီ၊ **မလေးရှား**

လူဝင်မှုကြီးကြပ်ရေးဗျူရို
ရဲဝိုလ်မှူးကြီး ခရစ်ဒါကွန်း ကလင်ကီဆွန်
ရဲဌာနမှူး၊ ဌာနခွဲ ၈၊ အထွေထွေ ဝန်ထမ်းဌာန၊
ထိုင်း

IOM • OIM

IOM အာရှနှင့် ပစိဖိတ်ဒေသရုံး
ရတ် ဘရိုရါ
ဌာနမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေးဌာန
ဘန်ကောက်၊ ထိုင်း။

အီမီလင်ဒါ ရိုဒရစ်
စီမံကိန်းညှိနှိုင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေးဌာန
ဘန်ကောက်၊ ထိုင်း။

UNHCR
The UN Refugee Agency

ဒေသတွင်းကာကွယ်စောင့်ရှောက်ရေးဌာန
UNHCR အရှေ့တောင်အာရှရုံး
ဘန်ကောက်၊ ထိုင်း။ မှလည်းကူညီပံ့ပိုးပါသည်။

ရှေ့ဦးစကား

၂၀၀၂ခုနှစ်တွင်စတင်ကတည်းက လူကုန်ကုန်ခြင်း၊ လူမှောင်ခိုခြင်းနှင့် ဆက်စပ်နယ်စပ်ဖြတ်ကျော်မှုခင်းများ (ဘာလီလုပ်ငန်းစဉ်) သည် များစွာအာရုံထားခြင်းခံရပြီး နည်းဗျူဟာများချမှတ်ကာလက်တွေ့ ပူးပေါင်း အကောင်အထည် ဖော်ခဲ့ပါသည်။ ဆန္ဒအလျောက်ပြုလုပ်သည့်ဆွေးနွေးပွဲတွင်နိုင်ငံတကာအဖွဲ့အစည်းများ၊ လေ့လာသူများ အပါအဝင် အဖွဲ့ဝင် ၄၈ ဦးပါဝင်ခဲ့ပါသည်။

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် အဓိကဆုံးဖြတ်ချက်ချသူများဖြစ်သည့်အလျောက် လူအများရွှေ့လျားသွားလာမှုကို ကိုင်တွယ်ရာတွင် အရေးပါပြီး မှုခင်းများကို စောလျင်စွာတားဆီးရေးနှင့် နယ်စပ်ဒေသရှိအကာကွယ်မဲ့ ရွှေ့ပြောင်း အခြေချမှု ကို ဖော်ထုတ်သည့်နေရာတွင်လည်း အရေးပါကြပါသည်။

ဘာလီလုပ်ငန်းစဉ်တွင်ပါဝင်ကြသည့် အဖွဲ့ဝင်နိုင်ငံများ၏မတူညီသည့်ကျွမ်းကျင်မှုများကိုပေါင်းစည်းကာ ၄င်းတို့၏ မျက်နှာစာတန်းအရာရှိများအားလေ့ကျင့်သင်ကြားပေးရန်အတွက် နယ်စပ်ဒေသစီမံခန့်ခွဲရေးဌာနများအား မျက်နှာစာ တန်းနယ်စပ်ဒေသအရာရှိများအတွက် လုပ်ငန်းဝင်သင်ရိုးညွှန်းတမ်းကို ပေးနိုင်ရန် ရည်ရွယ်ပါသည်။

မူဝါဒ၏ရည်ရွယ်ချက်မှာ ဘာလီလုပ်ငန်းစဉ်အဖွဲ့ဝင်နိုင်ငံများအကြား ရွှေ့ပြောင်းအခြေချလူမှောင်ခိုခြင်းနှင့်လူကုန်ကူး ခြင်းများကို ဖော်ထုတ်ပြီး ပုံမမှန်အခြေချမှုများကိုကာကွယ်ရာတွင် အသိပညာနှင့်ကျွမ်းကျင်မှုများဟန်ချက်ညီစေရန် ဖြစ်ပါသည်။ နယ်စပ်ဒေသစီမံခန့်ခွဲရေးစွမ်းရည်နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရေးကို ရှေ့ရှုကာ မျက်နှာစာတန်းနယ်စပ်ဒေသထိန်းချုပ်ရေးတာဝန်များတပြေးညီဖြစ်စေရန်နည်းလမ်းကိုအသုံးပြုထားသည်။

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သတ်မှတ်ထားသည့်လုပ်ငန်းဝင်သင်ရိုးညွှန်းတမ်းတွင် မတူညီသည့် လုပ်ငန်းခွင် အခြေအနေများနှင့် နိုင်ငံအလိုက် ဥပဒေဆိုင်ရာမူဝါဒများကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် လုပ်ငန်းဝင်သင်တန်းအဓိကအချက်များကို အကြောင်းအရာ အလိုက်အကြံပြုထားပြီး နယ်စပ်ဒေသစီမံခန့်ခွဲရေးဌာနများနှင့် သင်တန်းအကောင်အထည်ဖော်သည့်အခါ သင်တန်း ပညာရှင်များကိုအထောက်အပံ့ဖြစ်စေရန်လက်တွေ့ ကျသည့်ကိရိယာအဖြစ်ပုံဖော်ထားသည်။

Lisa Crawford
RSO Co-Manager (Australia)

Bebeb A.K.N. Djundjunan
RSO Co-Manager (Indonesia)

Regional Support Office
The Bali Process

မာတိကာ

၁။ နောက်ခံအခြေအနေ 1

၂။ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ် 2

၃။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိဆိုတာမည်သူလဲ? 3

၄။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် လုပ်ငန်းဝင်သင်တန်း 5

၄-၁။ ရည်ရွယ်ချက် 5

၄-၂။ အတိုင်းအတာ 5

၄-၃။ သင်တန်းရေးဆွဲမှုအဆင့်များ 5

၄-၄။ တည်ဆောက်ပုံ 7

၄-၄-၁။ အရှည်အလျား 7

၄-၄-၂။ အထွေထွေတည်ဆောက်ပုံ 8

၄-၄-၃။ အစဉ်လိုက် သင်ခန်းစာ 11

၄-၅။ သင်တန်းပုံစံ 11

၄-၅-၁။ သင်တန်းရည်ရွယ်ချက် 12

၄-၅-၂။ လေ့လာမှုနည်းလမ်းများ 12

၄-၅-၃။ သင်ထောက်ကူများ 12

၄-၅-၄။ ပံ့ပိုးသူများ 13

၄-၅-၅။ ပစ္စည်းကိရိယာများ 13

၄-၅-၆။ စိစစ်လေ့လာချက် 13

၄-၆။ မာတိကာ 15

၄-၆-၁။ အခန်း ၁။ နယ်စပ်ဒေသထိန်းချုပ်ရေးအခြေခံ 15

သင်ရိုး ၁။ နယ်စပ်ဒေသထိန်းချုပ်ရေးနှင့်လုံခြုံရေး။ 17

သင်ရိုး ၂။ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး။ 19

သင်ရိုး ၃။ ခရီးသွားအထောက်အထားများ၊နိုင်ငံကူးလက်မှတ်များနှင့်ဗီဇာများမိတ်ဆက် 20

သင်ရိုး ၄။ လုံခြုံရေးအစီအမံများမိတ်ဆက် 22

၄-၆-၂။ အခန်း ၂။ ရွှေ့ပြောင်းအခြေချမှုနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေး 25

သင်ရိုး ၅။ ရွှေ့ပြောင်းအခြေချမှု 28

သင်ရိုး ၆။ ပုံမမှန်ရွှေ့ပြောင်းအခြေချမှု 30

သင်ရိုး ၇။ စနစ်တကျဖွဲ့ထားသည့်နယ်စပ်ဖြတ်ကျော်မှုဆင်းများ 32

သင်ရိုး ၈။ ရွှေ့ပြောင်းအခြေချလူမှောင်ခိုကူးခြင်း 34

သင်ရိုး ၉။ လူကုန်ကူးခြင်း 36

သင်ရိုး ၁၀။ ဒုက္ခသည်များ 39

သင်ရိုး ၁၁။ တားဆီးခြင်း၊ ဖယ်ရှားခြင်းနှင့် ဂရုပြုတာဝန် 41

၄-၆-၃။ အခန်း ၃။ ခရီးသည်များအားစိစစ်ခြင်း 45

သင်ရိုး ၁၂။ ဆက်သွယ်မှုစွမ်းရည်များ 47

သင်ရိုး ၁၃။ ခက်ခဲသည့်ခရီးသည်များနှင့်ဆက်ဆံခြင်း 49

သင်ရိုး ၁၄။ မေးနိုင်စွမ်း 50

သင်ရိုး ၁၅။ မျက်နှာများနှင့်ဓာတ်ပုံများနှိုင်းယှဉ်ခြင်း 51

သင်ရိုး ၁၆။ ဆီးသည်စိစစ်ခြင်း 52

၄-၆-၄။ အခန်း ၄။ အထောက်အထားစစ်ဆေးခြင်း 55

သင်ရိုး ၁၇။ အထောက်အထားစစ်ဆေးသည့်နည်းလမ်း 57

သင်ရိုး ၁၈။ လိမ်လည်မှုများ 58

သင်ရိုး ၁၉။ အတုအပများ 60

သင်ရိုး ၂၀။ အမှတ်အသားမဲ့အထောက်အထားများခိုးယူခြင်း 62

သင်ရိုး ၂၁။ အထောက်အထားအတုများ 64

သင်ရိုး ၂၂။ အယောင်ဆောင်သူများ 65

သင်ရိုး ၂၃။ လိမ်လည်ရယူထားသည့်အထောက်အထားများ 66

သင်ရိုး ၂၄။ နယ်စပ်ဒေသတံဆိပ်တုံးများ 67

၄-၆-၅။ အခန်း ၅။ သတင်းအချက်အလက်၏အခန်းကဏ္ဍ 69

သင်ရိုး ၂၅။ အချက်အလက်စုဆောင်းခြင်း 71

သင်ရိုး ၂၆။ ဆီးသွားအထောက်အထားဆိုင်ရာအချက်များ 73

သင်ရိုး ၂၇။ အချက်အလက်မျှဝေခြင်း 74

သင်ရိုး ၂၈။ အချက်အလက်များကို ကာကွယ်ခြင်းနှင့် လျှို့ဝှက်မှု 76

၄-၆-၆။ အခန်း ၆။ သဏ္ဌာန်တူ သရုပ်ဆောင်လေ့ကျင့်ခြင်း 79

၅။ နောက်ဆက်တွဲများ 81

နောက်ဆက်တွဲ ၁ | အခန်းလိုက်နမူနာသင်ရိုး 82

နောက်ဆက်တွဲ ၂ | လေ့လာမှုနည်းလမ်းများ 84

နောက်ဆက်တွဲ ၃ | ဝေါဟာရများ 86

၆။ အညွှန်းများ 88

၁။ နောက်ခံအခြေအနေ

လူမှောင်ခိုခြင်း၊ လူကုန်ကူးခြင်းနှင့် ဆက်စပ်နယ်စပ်ဖြတ်ကျော်မှုခင်းများ အတွက် ဘာလီလုပ်ငန်းစဉ်၏ ဒေသတွင်း အထောက်အကူပြုရုံးအား ဒေသတွင်းပူပေါင်းဆောင်ရွက်ရေးမူဝါဒ(RCF) ကိုလွယ်ကူချောမွေ့စေရန် ၂၀၁၁ခုနှစ်တွင် ပြုလုပ်သည့် ဒေသတွင်းဝန်ကြီးအဆင့်စတုတ္ထမြောက်ဘာလီလုပ်ငန်းစဉ်ဆွေးနွေးပွဲ ၌ ခွင့်ပြုတည်ထောင်ခဲ့သည်။ RSO ၏ရည်ရွယ်ချက်မှာ လူမှောင်ခိုကူးမှု၊လူကုန်ကူးမှုနှင့် အာရှနှင့်ပစိဖိတ်ဒေသတွင်း ရွှေ့ပြောင်းအခြေချစီမံခန့်ခွဲရေးဆိုင်ရာ အခြား အချက်များအပါအဝင်ဒုက္ခသည်ကာကွယ်ရေးနှင့်နိုင်ငံတကာရွှေ့ပြောင်းအခြေချမှုများနှင့်ပတ်သက်ပြီးလက်တွေ့ ပူးပေါင်း ဆောင်ရွက်မှုအားကောင်းစေရေးနှင့်ကူညီပံ့ပိုးမှုပေးရန်ဖြစ်သည်။

RSOကိုယ်စား နိုင်ငံတကာရွှေ့ပြောင်းအခြေချအဖွဲ့အစည်း (IOM)မှ လူမှောင်ခိုကူးမှု၊လူကုန်ကူးမှုနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများအား တိုးတက်သည့်နယ်စပ်ဒေသစီမံခန့်ခွဲမှုဖြင့် ဖော်ထုတ်နိုင်ရန် ဘာလီအဖွဲ့ဝင်နိုင်ငံများအား အထူးသဖြင့် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် စွမ်းရည်တိုးမြှင့်စေရန်ရည်ရွယ်ပြီး ဥပဒေစိုးမိုးရေးဆိုင်ရာ စွမ်းရည်မြှင့်အစီအစဉ်အားအကောင်အထည်ဖော်ရန် အကြံပြုခဲ့ပါသည်။

ယခုစီမံကိန်းသည် ၂၀၁၃ခုနှစ် ဧပြီလတွင် ဘာလီ ၌ ပြုလုပ်ခဲ့သည့် ပဋ္ဌမမြောက်ဘာလီလုပ်ငန်းစဉ် ဒေသဆိုင်ရာ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲမှ အကြံပြုချက်များအပေါ်တွင်အခြေခံသည်။ အဆိုပါဆွေးနွေးပွဲတွင် ဝန်ကြီးများနှင့် ပူးတွဲ သဘာပတိများမှ အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် လူဝင်မှုကြီးကြပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများ အတူတကွစွမ်းရည်တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်အား ရေးဆွဲရန်အတွက် ဂျာကာတာဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့်အတူ RSO အားတာဝန်ပေးခဲ့ပါသည်။."[1]

စီမံကိန်းတွင်အောက်ပါအချက်များပါဝင်သည်။

- ဘာလီအဖွဲ့ဝင်နိုင်ငံများမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာသင်တန်းကျောင်းကိုယ်စားလှယ်များနှင့် သင်တန်းပညာရှင်များ အတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့်

- နည်းပညာပိုင်းဆန်းစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းရေးဆွဲရေး။

[1] "Co-Chairs Statement", Fifth Ministerial Conference of the Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime, Bali, Indonesia, April 2013.

၂။ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်

၂၀၁၄ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ ၁၃ရက်အတွင်းထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် "မျက်နှာစာတန်းနယ်စပ်ဒေသ အရာရှိများအတွက် စွမ်းရည်မြှင့်ရေးဆွေးနွေးပွဲ" အား RSO မှဦးစီးကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲအား IOMမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဩစတေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြားတိုင်ပင်ဆွေးနွေးရန်နှင့် နယ်စပ်ဒေသအရာရှိများအတွက် နိုင်ငံအလိုက်လက်ရှိလုပ်ငန်းဝင်သင်တန်းလက္ခဏာများနှင့် အတိုင်းအတာများကို စုဆောင်းရန်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများသည် ဆွေးနွေးပွဲအတွင်း -

- **စဉ်းစားခဲ့သည်။** ရှင်းလင်းသည့်ရည်ရွယ်ချက်၊အတိုင်းအတာ၊အစီအစဉ်နှင့်ကာလ၊ အကြောင်းအရာ၊ သင်ကြားမည့် နည်းလမ်း ၊စိစစ်ချက်နှင့် အကဲဖြတ်ချက်၊ အသိအမှတ်ပြုခြင်းနှင့် အမှတ်တံဆိပ်ကပ်ခြင်းအပါအဝင် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင်ပါဝင်သည့်အဓိကအဆင့်များ။

- **ဖော်ထုတ်ခဲ့သည်။** ဒေသအလိုက်တူညီသည့်စိန်ခေါ်မှုများနှင့် လက်ရှိသင်ရိုးတွင်ပါဝင်သည့်အချက်များအပြင် နိုင်ငံအလိုက်လက်ရှိသင်တန်းနှင့် ဒေသဆိုင်ရာ သင်တန်းအစီအစဉ် အကြား ကွာဟမှုများ။

- **ကြီးကြပ်ခဲ့သည်။** လုပ်ငန်းဝင်သင်တန်းအခြေခံဖြစ်စေရန် အကြောင်းအရာများကိုဖော်ထုတ်သည့် လမ်းပြလေ့ကျင့်ခန်း။ အဆိုပါ ဆောင်ရွက်ချက်မှ ဦးစားပေးဧရိယာများနှင့် သတ်မှတ်သင်ရိုးရေးဆွဲရန် အသားပေးခဲ့သည်။

- **ခွဲခြားခဲ့သည်။** မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သင်တန်းတွင်ပါဝင်ရမည့်သင်ရိုးများ၊ လုပ်ငန်းဝင်သင်တန်းနှစ်ပတ်အကောင်အထည်ဖော်ရန် ကျောရိုး။

- **ဆွေးနွေးခဲ့သည်။** အမျိုးသားရေးတာဝန်နှင့် မည်သို့အကောင်အထည်ဖော်သင့်သည်ဆိုသည့် အကြောင်းအရာများ။

- **သတ်မှတ်ခဲ့သည်။** သင်ရိုးညွှန်းတမ်းခေါင်းစဉ်နှင့် ရည်ရွယ်ချက်။ ရည်ညွှန်းချက်များသတ်မှတ်ခြင်းနှင့် တိုးတက်ဖွံ့ဖြိုးမှုကို စောင့်ကြည့်ရန် ဆန်းစစ်မည့်ကော်မတီ ဖွဲ့စည်းခြင်း။

- **သဘောတူခဲ့သည်။** သတ်မှတ်သင်ရိုးသည်ဘာလီလုပ်ငန်းစဉ်အဖွဲ့ဝင်နိုင်ငံများ၏ရှေ့ပြောင်းအခြေချစီမံခန့်ခွဲမှုစွမ်းရည်ကို တိုးတက်စေမည်ဖြစ်ခြင်း။ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်စေသည့် ဘာလီလုပ်ငန်းစဉ်ဆွေးနွေးပွဲ အကျိုးကျေးဇူးများကို အသိအမှတ်ပြုခြင်း။

ဆွေးနွေးပွဲလုပ်ငန်းစဉ်ရလဒ်များအရ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သတ်မှတ်ထားသည့်လုပ်ငန်းဝင် သင်တန်း (သင်ရိုးညွှန်းတမ်း) အား ရေးဆွဲနိုင်ခဲ့သည်။

၃။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများဆိုသည်မှာ မည်သူတွေလဲ ?

မိတ်ဆက်

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် နိုင်ငံများ၏ ဂိတ်ကိုစောင့်ရသူများဖြစ်ပြီး ၄င်းတို့၏ အလုပ်မှာ ပထမဆုံး(သို့) မျက်နှာစာတန်း တွင်ကာကွယ်ရန်ဖြစ်သည်။ ခရီးသည်များအနေနှင့်နိုင်ငံတစ်နိုင်ငံသို့ရောက်လျှင်ရောက်ချင်း ပထမဆုံး တွေ့ကြုံရသည့်အစိုးရ အရာရှိများ ဖြစ်သည်။ မျက်နှာစာတန်းအရာရှိများ၏ပြုမူပုံသည် ၄င်း၏နိုင်ငံသားများ ဘေးကင်းရေးနှင့်အမျိုးသား လုံခြုံရေး အပေါ် သက်ရောက်စေရုံသာမက နိုင်ငံအတွင်းဝင်ရောက်မည့်ခရီးသည်များ၏ ပထမဆုံးအမြင်များပေါ်တွင်လည်း သက်ရောက်မှု ရှိသည်။ ခရီးသည်များအကောင်းမြင်သည့်အခါ နိုင်ငံ၏စီးပွားရေးအပေါ်တွင်လည်းသက်ရောက်မှုရှိသည်။ ထို့ကြောင့် မျက်နှာစာတန်းအရာရှိများအား ၄င်းတို့၏အရေးကြီးသည့်တာဝန်များ ကို ဆောင်ရွက်နိုင်ရန် အကြောင်းအရာမျိုးစုံနှင့်ပတ်သက်ပြီး ကောင်းစွာလေ့ကျင့်သင်ကြားပေးရန်လိုသည်။

ဖော်ပြခဲ့သည့်အတိုင်း မျက်နှာစာတန်းအရာရှိများသည် လူအများရှေ့လျားသွားလာမှုအား ကိုင်တွယ်ဆောင်ရွက်ရာတွင် အရေးပါသည့် ကဏ္ဍတွင်ရှိသည်။ ၄င်းတို့၏လုပ်ဖော်ကိုင်ဖက်များနှင့် အကြီးတန်းအရာရှိများအတွက် ပံ့ပိုးကူညီသည့် အချက်အလက်များ ပေးအပ်ခြင်းနှင့် အချက်အလက်များကောက်ယူခြင်းအပြင် နယ်စပ်ဒေသတွင်တွေ့ကြုံ မှုများနှင့်ပတ်သက်ပြီးကနဦး စိစစ်မှုများ ပြုလုပ်ရာတွင် မရှိမဖြစ်လိုအပ်သူများဖြစ်သည်။

တာဝန်များ

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် ခရီးသည်များအား နိုင်ငံအတွင်းဝင်နိုင်(သို့) ထွက်ခွာနိုင်ရန် ဆုံးဖြတ်ချက်ပေးနိုင်သည့် အဓိကဆုံးဖြတ်ချက်ချသူများဖြစ်သည်။ ၄င်းတို့တာဝန်တစ်စိတ်တစ်ပိုင်းမှာ အမှုအခင်းများကိုစောလျင်စွာတားဆီးရေးနှင့် အသေးစိတ်ဖော်ပြရလျှင် ရှေ့ပြောင်းမှောင်ခိုမှု၊လူကုန်ကူးမှုတို့နှင့်ဆက်စပ်သည့် လူကုန်ကူးခြင်းခံရသူများနှင့် လူမှောင်ခိုခြင်းခံရသူများအားဖော်ထုတ်ရန်တာဝန်ဖြစ်သည်။ အဆိုပါမှုခင်းများအတွက် စုံစမ်းစစ်ဆေးရန်နှင့် ကြားနာမှုများ ပြုလုပ်ရန် အထောက်အထားများပေးနိုင်ပြီး ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအပါအဝင် ဒုက္ခသည်များ နှင့်ခိုလှုံခွင့်တောင်းခံသူများအားစိစစ်ရာတွင် လိုအပ်သည့် အချက်အလက်များကိုလည်းပေးနိုင်သည်။

အဖွဲ့အစည်း၏တည်ဆောက်ပုံနှင့် နိုင်ငံအသီးသီး၏ညွှန်ကြားချက်များအပေါ်မူတည်ပြီး မျက်နှာစာတန်းအရာရှိများသည် တရားဥပဒေစိုးမိုးရေးအရာရှိ၊ နိုင်ငံဝန်ထမ်း (သို့) နယ်စပ်ဖြတ်ကျော်သည့်နေရာများတွင်ထိန်းချုပ်စစ်ဆေးရေးတာဝန်များကို ထမ်းဆောင်သည့်အခြားအစိုးရအရာရှိပင်ဖြစ်သည်။ အမျိုးသားဥပဒေများ၊လုပ်ထုံးလုပ်နည်းများနှင့်စည်းမျဉ်းများအရ မျက်နှာစာတန်း နယ်စပ်ဒေသအရာရှိများသည် နိုင်ငံအတွင်းဝင်ရောက်နိုင်ခွင့်(သို့) ထွက်ခွာနိုင်ခွင့်အား ဆုံးဖြတ်သည်။ စစ်မှန်သည့်ခရီးသည်များဝင်ရောက်ရာတွင်လွယ်ကူချောမွေ့စေရေးဆောင်ရွက်ပေးသည့်အပြင်ပုံမမှန်ရှေ့ပြောင်းအခြေချမှုနှင့် အန္တရာယ်ရှိသည့်ခရီးသည်များဝင်ရောက်မှုကိုကာကွယ်ရန် ထပ်မံစစ်ဆေးမှုပြုရန်အတွက် ဒုတိယတန်းအရာရှိများထံသို့ လွှဲအပ်ခြင်းများလည်းပါဝင်သည့် အပြင် လူကုန်ကူးခံရသူများ မှောင်ခိုခြင်းခံရသည့်ရှေ့ပြောင်းအခြေချသူများနှင့် နိုင်ငံတကာအကာအကွယ်လိုအပ်သူများအား ဖော်ထုတ်ရေးလည်း ပါဝင်သည်။

တန်ဖိုးများ

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် ၄င်းတို့၏သက်ဆိုင်ရာ ဥပဒေများအလိုက် တာဝန်ထမ်းဆောင်ပြီး ၄င်းတို့၏ဆောင်ရွက်ချက်များသည် -

- **လူ့အခွင့်အရေးအားအပြည့်အဝလေးစားလိုက်နာခြင်း**
- **လူတန်းစားမခွဲခြားခြင်းနှင့်**
- **ကျင့်ဝတ်စံညွှန်းကိုက်ညီခြင်းနှင့်လျှို့ဝှက်ခြင်း** စသည်တို့ နှင့်ကိုက်ညီရမည်။

၄င်းတို့၏ကျင့်ဝတ်များသည် အဖွဲ့အစည်း၊ ဌာန (သို့) အေဂျင်စီ၏ ဝန်ထမ်းကျင့်ဝတ်အဖြစ် သတ်မှတ်ပေးထားသည့် အတိုင်းဖြစ်သင့်ပါသည်။



ပုံပြဇယား ၁။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများ၏ တန်ဖိုးများနှင့်တာဝန်များ

၄။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက်လုပ်ငန်းဝင်သင်တန်း

၄-၁။ ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်း၏ရည်ရွယ်ချက်မှာ ဘာလီအဖွဲ့ဝင်နိုင်ငံများအားလုံးရှိနယ်စပ်ဒေသအရာရှိများအတွက် တပြေးညီလုပ်ငန်းဝင်သင်တန်း မူဘောင်ချမှတ်ရန် ရည်ရွယ်သည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်းဖြင့် နိုင်ငံနှင့်ဒေသဆိုင်ရာအဆင့်များအသီးသီးတွင် ဟန်ချက်ညီသည့်အသိပညာနှင့်ကျွမ်းကျင်မှုများတိုးပွားစေမည်ဖြစ်သည်။ ထို့အပြင် နယ်စပ်ဒေသစီမံခန့်ခွဲမှုစွမ်းရည်နှင့် အဖွဲ့ဝင်နိုင်ငံများပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းစေသည့် မျက်နှာစာတန်းနယ်စပ်ဒေသထိန်းချုပ်ရေးတာဝန်များအား တူညီသည့်ချဉ်းကပ်မှုဖြင့် ဖွံ့ဖြိုးတိုးတက်စေသည်။

၄-၂။ အတိုင်းအတာ

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများ၏ကနဦးသင်တန်းအတွက် အနည်းဆုံးသိထားရမည့်အဓိကအချက်များကိုထည့်သွင်းရေးဆွဲ ထားသည်။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိအသစ်များအတွက် လုပ်ငန်းဝင်သင်တန်း ပို့ချချက်အဖြစ်အသုံးပြုနိုင်ရန် သင်ရိုးညွှန်းတမ်းအားရေးဆွဲထားသည်။

သင်ရိုးညွှန်းတမ်းသည် နိုင်ငံအလိုက် လက်ရှိသင်တန်းအစီအစဉ်များကို အစားထိုးရန်မရည်ရွယ်သော်လည်း ထပ်ဆောင်းထည့်သွင်းပို့ချနိုင်ရန်ရည်ရွယ်သည်။

၄-၃။ သင်တန်းရေးဆွဲမှုအဆင့်များ

သင်တန်းဆိုသည်မှာ"လက်ရှိအလုပ်အကိုင်အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ တိုးတက်မှုရှိစေရန် လေ့လာခြင်း"[2] ဖြစ်သည်။ ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အဓိကစကားလုံး ၂ လုံး "တိုးတက်မှု" နှင့် "အလုပ်အကိုင်" ပါဝင်သည်။ ပထမ စာလုံးတွင်ဖြစ်စဉ်နှင့်ဖွံ့ဖြိုးမှုပါဝင်ပြီး ဒုတိယစာလုံးမှာ ရှိသင့်သည့်အသိပညာ၊ ကျွမ်းကျင်မှုများနှင့်ကျင့်ဝတ်များလိုအပ်သည့် တာဝန်များကို ဆိုလိုသည်။

လုပ်ငန်းခွင်စွမ်းရည်တိုးတက်စေရန် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သင့်လျော်သည့်သဘောထားများကို သိရှိစေရန် လေ့ကျင့်သင်ကြားရေး သည်မရှိမဖြစ်လိုအပ်သည်။

အဆိုပါအချက်များအရ အောင်မြင်သည့်လေ့ကျင့်သင်ကြားမှုပြုလုပ်ရန် (လိုအပ်သည့်ရလဒ်များနှင့်ကိုက်ညီစေသည့်သင်တန်း) နှင့် အဖွဲ့အစည်း၏လိုအပ်ချက်များနှင့် အဆုံးသတ်ရလဒ်များထပ်တူကျစေရန် အောက်ပါအဆင့်များပါဝင်သည့် စီမံကိန်းနှင့် နည်းလမ်းများ လိုအပ်သည်။ ကောင်းမွန်သည့်အလေ့အကျင့်တွင် [3] လိုအပ်ချက်စိစစ်မှု၊ ပုံစံနှင့် ရည်မှန်းချက်များ၊ စီမံကိန်း ဆွဲခြင်းနှင့် အကောင်အထည်ဖော်ဖြင်း၊ အကဲဖြတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်းများ ပါဝင်သည်။

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သတ်မှတ်ထားသည့်လုပ်ငန်းဝင်သင်တန်း သင်ရိုးညွှန်းတမ်းအားရေးဆွဲရာတွင် အထက်ပါအဆင့်များအတိုင်းရေးဆွဲထားသည်။ အောက်တွင်ဖော်ပြထားသည့် ဇယားတွင် အသေးစိတ်သင်တန်း၊ ပါဝင်သည့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတာဝန်များကို ဖော်ပြထားသည်။

---

[2] Nadler, L. "What is training?," available at: http://www.slideshare.net/CBLGlobal/what-is-training [accessed 29 December 2014].

[3] UNODC, "Guide for trainers. Chapter 2. Systematic approach to training", available at: http://www.unodc.org/documents/southasia//Trainingmanuals/Guide_for_Trainers_-_Precursor_Control.pdf [accessed 26 December 2014].



ပုံပြဇယား ၂။ သင်တန်းရေးဆွဲမှုအဆင့်ဆင့်

သင်ရိုးရေးဆွဲသည့်ပထမအဆင့်တွင် အပိုင်း၂ ၌ဖော်ပြခဲ့သည့်အတိုင်း တိုင်ပင်ဆွေးနွေးသည့် ဖြစ်စဉ်ပါဝင်သည်။ မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက်သင်တန်းလိုအပ်ချက်များဖော်ထုတ်ခြင်းနှင့် ပုံစံထုတ်ခြင်းအပြင် အောက်ပါအဆင့်များအတွက် ပြင်ဆင်ခြင်းများပါဝင်သည်။

ယခုသင်ရိုးညွှန်းတမ်း တွင်ဒုတိယအဆင့်ပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လေ့ကျင့်ရေးလုပ်ငန်းစဉ်တလျှောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် စံချိန်စံညွှန်းသတ်မှတ်ပြီး အခြေခံမူဝါဒသတ်မှတ်ပေးနိုင်ရန်ရည်ရွယ်ပါသည်။ စိတ်ပါဝင်စားသည့်နိုင်ငံများအနေဖြင့် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သတ်မှတ် လုပ်ငန်းဝင်သင်တန်းအကောင်အထည်ဖော်ရေး အထောက်အကူပြုအဖြစ်ယခုသင်ရိုးညွှန်းတမ်းအားလက်ရှိသင်တန်းအစီအစဉ်များတွင်ထည့်သွင်းရန်တိုက်တွန်းပါသည်။ (အဆင့် ၆ သင်တန်းရေးဆွဲမှုလုပ်ငန်းစဉ်)

သင်တန်းအကောင်အထည်မဖော်မီနှင့် လက်ရှိလိုအပ်ချက်များအရ စိတ်ပါဝင်စားသည့်နိုင်ငံများသည်**သင်တန်းသားနှင့် သင်တန်းဆရာ လက်စွဲအပြင် သင်တန်းကိရိယာ များနှင့် လေ့လာမှုနည်းလမ်းများ**ကို ရေးဆွဲသင့်ကြောင်းအကြံပြုပါသည်။ အဆိုပါအချက်များသည် သင်ရိုးညွှန်းတမ်းရှိ သတ်မှတ် ထားသည့်အကြောင်းအရာနှင့် ရည်မှန်းချက်များပေါ်တွင်အခြေခံရမည်။ (အဆင့် ၃၊ ၄၊ ၅ သင်တန်းရေးဆွဲမှုလုပ်ငန်းစဉ်) အဖွဲ့ဝင် နိုင်ငံများအနေဖြင့် လက်ရှိသင်ရိုးနှင့် အသုံးပြုနေသည့်သင်တန်းပစ္စည်းများကို ထည့်သွင်းသင့်ပြီး လိုအပ်ပါက RSO ထံမှ အကူ အညီတောင်းခံနိုင်ပါသည်။

အကဲဖြတ်သည့်ဖြစ်စဉ် သည်(အဆင့် ၇ သင်တန်းရေးဆွဲမှုလုပ်ငန်းစဉ်)အဖွဲ့ဝင်နိုင်ငံများအား သင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း သင်တန်းထိရောက်မှုရှိ၊ မရှိကို ဆုံးဖြတ်နိုင်ရန်အထောက်အကူပြုသည်။ မြှင့်တင်ရန်လိုအပ်သည့် ကဏ္ဍများကိုလည်းဖော်ထုတ်နိုင်သည်။ လုပ်ငန်းဝင်သင်တန်းပို့ချပြီးပါက မတူညီသည့်အဖွဲ့အစည်းများမှပေးအပ်သည့်တုံ့ပြန်မှုများ အပေါ်အခြေခံပြီး အကဲဖြတ်မှုလုပ်ဆောင်သင့်သည်။ အကဲဖြတ်မှုမှတွေ့ရှိရသည့်အချက်များအား RSO သို့ အသိပေးအကြောင်းကြားသင့်ပါသည်။

သင်ရိုးညွှန်းတမ်းပြောင်းလဲပြင်ဆင်ခြင်း သည် သင်တန်းရေးဆွဲမှုလုပ်ငန်းစဉ်အဆင့်၈ဖြစ်သည်။ ပြောင်းလဲပြင်ဆင်မှုအား RSO နှင့် သင်ရိုးညွှန်းတမ်းဆန်းစစ်ကော်မတီမှဦး ဆောင်ရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှမျှဝေသည့် လုပ်ငန်းဝင်သင်တန်းစိစစ်လေ့လာချက် အပေါ်တွင်အခြေခံရမည်။

၄-၄။ ဖွဲ့စည်းတည်ဆောက်ပုံ

၄-၄-၁။ အရှည်အလျား

သင်ရိုးညွှန်းတမ်းအား တပတ်လျှင် နာရီ ၃၀ (စုစုပေါင်းနာရီ ၆၀) ဖြင့် ၂ပတ် အချိန်ယူရန်ပုံစံထုတ်ထားသည်။

အပတ်စဉ်တိုင်းတွင် လုပ်ငန်းဝင်သင်တန်းအား ၅ရက်ဆက်ပို့ချပြီး တနေ့လျှင် ၆နာရီနှုန်း ဖြစ်သည်။



၄-၄-၂။ အထွေထွေတည်ဆောက်ပုံ

ဘာလီအဖွဲ့ ဝင်နိုင်ငံများ၏ မတူညီသည့်လုပ်ငန်းခွင်အခြေအနေနှင့် တရားစီရင်ရေးမူဝါဒများကို ထည့်သွင်းစဉ်းစားထားသည်။ အကြံပြုထားသည့်တည်ဆောက်ပုံအား ပုံပြဇယား ၃ တွင်ဖော်ပြထားပါသည်။



ပုံပြဇယား ၃။ အထွေထွေတည်ဆောက်ပုံ

အပိုင်း၁။ အမိန့်သားရေတာဝန်

အပိုင်း၁တွင် လုပ်ငန်းဝင်သင်တန်းစတင်မည့်အဖွဲ့ ဝင်နိုင်ငံတစ်ခုစီနှင့်ဆက်စပ်သည့် အကြောင်းအရာများပါဝင်ပြီး နိုင်ငံအသီးသီး၏ တရားစီရင်ရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များအရ သက်ဆိုင်ရာအကြောင်းအရာများကို သတ်မှတ်ရေးဆွဲသင့်သည်။

အဖွဲ့ ဝင်နိုင်ငံများအနေဖြင့် ရည်ညွှန်းနိုင်ရန် အောက်ပါအချက်များကို အကြံပြုပါသည်။

- မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများ၏ အဖွဲ့ အစည်း တည်ဆောက်ပုံ အကျဉ်းချုပ်
- အရာရှိများ၏တာဝန်များ၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရား
- နယ်စပ်ဒေသစီမံခန့် ခွဲရေးနှင့် သက်ဆိုင်သည့် ဥပဒေများမိတ်ဆက်
- အချက်အလက်ကာကွယ်ထိန်းသိမ်းခြင်းနှင့်လျှို့ဝှက်ချက်ထိန်းသိမ်းမှုဆိုင်ရာ အမျိုးသားဥပဒေများ မိတ်ဆက်
- နယ်စပ်ဒေသစီမံခန့် ခွဲမှုစံနစ်နှင့် နိုင်ငံကူးလက်မှတ်ဖတ်ရှုမှုမိတ်ဆက်
- နယ်စပ်ဒေသလုပ်ငန်းစဉ်
- အစိုးရဝီဇာစံနစ်
- ဒေသဆိုင်ရာရှေ့ ပြောင်းအခြေချမှုဆွေးနွေးပွဲအဖွဲ့ ဝင်အပါအဝင် အဓိက အဖွဲ့ အစည်းများ
- ပုံမမှန်ရွှေ့ ပြောင်းအခြေချမှု များကို ဖော်ထုတ်ရန် အမျိုးသားရေးမူဝါဒ
- လူမှောင်ခိုကူးခြင်း၊လူကုန်ကူးခြင်း၊ ဒုက္ခသည်ကာကွယ်ခြင်းများနှင့် ပတ်သက်သည့် ဥပဒေများနှင့် တရားစီရင်ရေး။
- အကာကွယ်မဲ့ရွှေ့ ပြောင်းအခြေချများအတွက် အဓိကဥပဒေအရ ကာကွယ်ပေးမှု မိတ်ဆက်
- ထိန်းသိမ်းခြင်းနှင့် ဖယ်ရှားခြင်းပြုလုပ်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များ

အပိုင်း ၂။ လုပ်ငန်းဝင်သင်တန်းသတ်မှတ်ချက်များ

အပိုင်း၂တွင် စိတ်ပါဝင်စားသည့်အဖွဲ့ ဝင်နိုင်ငံများအနေဖြင့် ၄င်းတို့ ၏လက်ရှိလိုအပ်ချက်များအရ ထည့်သွင်းနိုင်သည့် အကြောင်းအရာများနှင့် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက် သတ်မှတ်ထားသည့်အကြောင်းအရာများကိုထည့်သွင်းထားသည်။

ထိရောက်သည့်နယ်စပ်ဒေသထိန်းချုပ်ရေးအတွက် သင့်လျော်သည့် လမ်းညွှန်မှု ၅ ခုကို အပိုင်း ၂ တွင်ထည့်သွင်းထားပြီး မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအနေဖြင့်၄င်းတို ့ ၏တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရန်အတွက် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများပါဝင်သည်။

သင်တန်းအစီအစဉ်တပြေးညီဖြစ်စေရန် နှင့် စတင်ရာတွင်အဆင်ပြေချောမွေ့ စေရန်အတွက် ဇရိယာအသီးသီးသည် အခန်းတိုင်းနှင့် ဆက်စပ်မှုရှိပြီး အတွင်းကျကျနားလည်နိုင်ရန် သင်ရိုးများအဖြစ်ခွဲခြားထားသည်။ နောက်ဆုံးအခန်းတွင်မျက်နှာစာတန်းနယ်စပ်ဒေသ အရာရှိများ၏တာဝန်များကိုထင်ဟပ်သည့် လက်တွေ့ ဆောင်ရွက်မှုပါဝင်ပြီး အသိပညာအသစ်နှင့်ကျွမ်းကျင်မှုအသစ်များကို အသုံးပြုနိုင်ရန် အခွင့်အရေးပေးထားသည်။

အခန်းတိုင်းနှင့်သင်ရိုးများအတွက် အကြံပြုထားသည့်တည်ဆောက်ပုံနှင့် အချိန်သတ်မှတ်ချက်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

အခန်း ၁ — နယ်စပ်ဒေသထိန်းချုပ်ရေးအခြေခံ

အချိန်။ ၁၀နာရီ

- **သင်ရိုး ၁** — နယ်စပ်ဒေသ ထိန်းချုပ်ရေးနှင့် လုံခြုံရေး — အချိန်။ ၁နာရီ
- **သင်ရိုး ၂** — လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးကင်းမှု — အချိန်။ ၁နာရီ
- **သင်ရိုး ၃** — ခရီးသွားအထောက်အထား ၊ နိုင်ငံကူးလက်မှတ်များနှင့် ဗီဇာများမိတ်ဆက် — အချိန်။ ၄နာရီ
- **သင်ရိုး ၄** — လုံခြုံရေးအစီအမံများ မိတ်ဆက် — အချိန်။ ၄နာရီ

အခန်း ၂ — ရွှေ့ ပြောင်းအခြေချမှုနှင့်နယ်စပ်ဒေသထိန်းချုပ်ရေး

အချိန်။ ၉ နာရီ

- **သင်ရိုး ၅** — ရွှေ့ ပြောင်းအခြေချမှု — အချိန်။ ၁ နာရီ
- **သင်ရိုး ၆** — ပုံမမှန်ရွှေ့ ပြောင်း အခြေချမှု — အချိန်။ ၂နာရီ
- **သင်ရိုး ၇** — ဖွဲ့စည်းထားသည့် နယ်စပ်ဖြတ်ကျော်မှုခင်း — အချိန်။ ၁ နာရီ
- **သင်ရိုး ၈** — ရွှေ့ ပြောင်းအခြေချ လူမှောင်ခိုကူးခြင်း — အချိန်။ ၂နာရီ
- **သင်ရိုး ၉** — လူကုန်ကူးခြင်း — အချိန်။ ၁နာရီ
- **သင်ရိုး ၁၀** — ဒုက္ခသည်များ — အချိန်။ ၁ နာရီ
- **သင်ရိုး၁၁** — ထိန်းသိမ်းခြင်း၊ ဖယ်ရှားခြင်းနှင့် ဂရုပြုမှု — အချိန်။ ၁ နာရီ

အခန်း ၃ ခရီးသည်စိစစ်မှုလုပ်ငန်းစဉ်

အချိန်။ ၈ နာရီ

သင်ရိုး ၁၂
ဆက်သွယ်ရေး
စွမ်းရည်
အချိန်။ ၁နာရီ

သင်ရိုး ၁၃
ခက်ခဲသည့်ခရီးသည်များ
နှင့်ဆက်ဆံခြင်း
အချိန်။ ၁ နာရီ

သင်ရိုး ၁၄
မေးနိုင်စွမ်း
အချိန်။ ၂ နာရီ

သင်ရိုး၁၅
မျက်နှာနှင့်ဓာတ်ပုံ
နှိုင်းယှဉ်ခြင်း
အချိန်။ ၂ နာရီ

သင်ရိုး ၁၆
ဆီးသည်စိစစ်ခြင်း
အချိန်။ ၂ နာရီ

အခန်း ၄ အထောက်အထားစစ်ဆေးခြင်း

အချိန်။ ၁၀နာရီ

သင်ရိုး ၁၇
အထောက်အထား
စစ်ဆေးသည့်နည်း
လမ်း
အချိန်။ ၁ နာရီ

သင်ရိုး ၁၈
လိမ်လည်မှုများ
အချိန်။ ၂နာရီ

သင်ရိုး ၁၉
အတုအပများ
အချိန်။ ၂နာရီ

သင်ရိုး ၂၀
အမှတ်အသားမဲ့
အထောက်အထားခိုးယူမှု
အချိန်။ ၁နာရီ

သင်ရိုး ၂၁
အယောင်ဆောင်
အထောက်အထားများ
အချိန်။ ၁နာရီ

သင်ရိုး ၂၂
အယောင်ဆောင်
များ
အချိန်။ ၁နာရီ

သင်ရိုး ၂၃
လိမ်လည်ရယူထားသည့်
အထောက်အထားများ
အချိန်။ ၁နာရီ

သင်ရိုး ၂၄
နယ်စပ်တံဆိပ်တုံးများ
အချိန်။ ၁နာရီ

အခန်း ၅ သတင်းအချက်အလက်၏ အခန်းကဏ္ဍ

အချိန်။ ၆ နာရီ

သင်ရိုး ၂၅
အချက်အလက်
စုဆောင်းခြင်း
အချိန်။ ၂နာရီ

သင်ရိုး ၂၆
ခရီးသွားအထောက်အထား
ဆိုင်ရာအချက်များ
အချိန်။ ၁နာရီ

သင်ရိုး ၂၇
အချက်အလက်
မျှဝေခြင်း
အချိန်။ ၁နာရီ

သင်ရိုး ၂၈
အချက်အလက်
ကာကွယ်ခြင်းနှင့်လျှို့ဝှက်မှု
အချိန်။ ၂နာရီ

အခန်း ၆ သဏ္ဌာန်တူသရုပ်ဆောင်ခြင်း

အချိန်။ ၂ နာရီ

ပုံပြဇယား ၄။ သင်ခန်းစာများနှင့် သင်ရိုး အချိန်

၄-၄-၃။ အစဉ်လိုက်သင်ခန်းစာ

လုပ်ငန်းဝင်သင်တန်းဆိုသည်မှာလူအများအတွက်ရည်ရွယ်သည်။ မတူညီသည့်အဖွဲ့ များအားဆက်တိုက်လေ့ကျင့်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရန်လိုအပ်ပြီး ရနိုင်သည့်ရင်းမြစ်များနှင့် ထိရောက်သည့်စီမံခန့်ခွဲမှုအတွက် စီမံကိန်းချရန်နှင့် အကောင်အထည်ဖော်ရန်လိုသည်။

ထို ့အပြင် လုပ်ငန်းဝင်သင်တန်းသည်ပထမဆုံးဖြစ်သည့်အလျောက်တက်ရောက်သူများသည်ဧရိယာအလိုက်ကျွမ်းကျင်မှုရလိမ့်မည်ဖြစ်ပြီးအချက်အလက်များလည်းရမည်ဖြစ်သည်။ တက်ရောက်သည့်သင်တန်းသားများအနေဖြင့်အဆိုပါအချက်များကိုကျေညက်ရန်နှင့် တင်ပြသည့်အကြောင်းအရာကိုသဘောပေါက်ရန် လုံလောက်သည့်အချိန်ရရန်အရေးကြီးသည်။ သင်တန်းကာလအတွင်းတက်ကြွစွာ လေ့လာရန်အရေးကြီးသကဲ့သို့ လက်တွေ့ လေ့ကျင့်ခန်းများတွင်အသုံးပြုမှသာ သင်တန်းအောင်မြင်မှုရမည်ဖြစ်သည်။

အဆိုပါအချက်များအတွက် သင်ရိုးအားလုံးအား တခန်းလျှင်အချိန် ၁နာရီပို ့ချရန်အကြံပြုပါသည်။ တစ်နာရီထက်ကြာမြင့်သည့် သင်ရိုးများအတွက် ၁နာရီ စီခွဲခြားသင့်သည်။

နောက်ဆက်တွဲ ၁ တွင် အစဉ်လိုက်နမူနာသင်ခန်းစာများပြသထားပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုအပ်ချက်အလိုက်ပြောင်းလဲ နိုင်သည့် သင်တန်းအချိန်ဇယားပါဝင်သည်။

၄-၅။ သင်တန်းပုံစံ

မျက်နှာစာတန်းနယ်စပ်ဒေသထိန်းချုပ်ရေးတာဝန်များကိုထမ်းဆောင်ရန် ကျယ်ပြန့် သည့်ကျွမ်းကျင်လိမ္မာမှုလိုသည်။သင်တန်းလိုအပ်ချက်များဖော်ထုတ်ရန်နှင့် သင်ရိုးညွှန်းတမ်းအကြောင်းအရာကိုရေးဆွဲရန်အတွက် သက်ဆိုင်သည့်အသိပညာ၊ ကျွမ်းကျင်မှုများ နှင့် သဘောထားများကို စိစစ်ပြီးဖြစ်သည်။ တူညီသည့်ဒေသဆိုင်ရာစိန်ခေါ်မှုများ၊ နိုင်ငံအလိုက်သင်ရိုးများတွင်လက်ရှိပါဝင်ပြီး ဖြစ်သည့်အကြောင်းအရာများသည် သင်တန်းလိုအပ်ချက်များဖော်ထုတ်ရာတွင် အသိပေးပြီးဖြစ်သည်။

၄-၅-၁။ သင်တန်းရည်မှန်းချက်

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအနေဖြင့်ကွဲပြားရှုပ်ထွေးသည့် တာဝန်များကိုထမ်းဆောင်ရသည့် အလျောက် သင်ရိုးအသီးသီးအတွက် ရည်မှန်းချက်များအား အောက်ပါ အချက်များအပေါ်တွင် သတ်မှတ်ထားသည်။ *၁) နေ့စဉ်တာဝန်များကို ကျွမ်းကျင်စွာထမ်းဆောင်ရန်မရှိမဖြစ်လိုအပ်သည့်အသိပညာကိုပေးရန်။ ၂) ခိုင်မာပြီးလက်တွေ့ကျသည့်ဖြည့်စွက်ချက်နှင့် နည်းပညာပိုင်းကျွမ်းကျင်မှုများတိုးတက်စေရန်။ ၃) ခရီးသည်များနှင့်ဆက်ဆံသည့်အခါသင့်လျော်သည့်သဘောထားများထားရှိ တတ်စေရန်နှင့် နယ်စပ်ဒေသထိန်းချုပ်ရေးအခြေအနေများကို စိစစ်တတ်စေရန်။*

သင်တန်းရည်မှန်းချက်များသတ်မှတ်ရာတွင် Bloom's Taxonomy of Educational Objectives[4] အားနမူနာယူထားပါသည်။ အဆိုပါ အမျိုးအစားခွဲစံနစ်အား နားလည်ရန်လွယ်ကူခြင်း၊ အသေးစိတ်ရေးဆွဲနိုင်ခြင်းနှင့် သင်တန်းရေးဆွဲမှုလမ်းညွှန်နှင့် အကဲဖြတ်မှုများ လုပ်ဆောင်နိုင်ခြင်းကြောင့် သင်တန်းပုံစံများထုတ်ရာတွင်မကြာခဏအသုံးပြုလေ့ရှိသည်။

လေ့လာမှုအဆင့်အသီးသီးရှိရည်မှန်းချက်များ (စာရင်းပြုထားသည့်အတိုင်း) အောင်မြင်စေရန် (အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ) ဖော်ပြသည့် ကြိယာများသည် အမျိုးအစားခွဲစံနစ်မှ အဓိကစကားလုံးများဖြစ်ရုံသာမက မျက်နှာစာတန်းနယ်စပ်ဒေ သထိန်းချုပ်ရေးတာဝန်များကို အတိအကျဖော်ပြရန် သင့်လျော်သည့်အခြားစကားလုံးများလည်းပါဝင်သည်။ သင်ရိုးတိုင်းတွင် တင်ပြသည့် အကြောင်း အရာအလိုက် လေ့လာမှုနယ်ပယ်များပါဝင်ပြီး မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအကြား လိုအပ်သည့် အရည်အချင်းများလည်းပါဝင်သည်။

၄-၅-၂။ လေ့လာမှုနည်းလမ်းများ

တက်ကြွစွာပါဝင်စေရန်နှင့် အသိပညာများလွှဲပြောင်းပေးရာတွင်လွယ်ကူချောမွေ့စေရန် မတူညီသည့် သင်ယူမှုနည်းလမ်းများကို သင်ရိုးညွှန်းတမ်းတွင်အကြံပြုထားသည်။ အဆိုပါနည်းလမ်းများတွင် တစ်လမ်းသွားဆက်သွယ်ရေးနှင့် ဆရာနှင့်အဖွဲ့အပြန်အလှန် ဆက်သွယ်ရေးအပါအဝင် စာသင်ခန်းအတွင်း မတူညီသည့် အပြန်အလှန်ဆက်သွယ်မှုပုံစံများကို ဖော်ပြထားသည်။ [5]

သင်ရိုးတိုင်းအတွက် လေ့လာမှုနည်းလမ်းများရွေးချယ်ရာတွင် အကြောင်းအရာနှင့်ကိုက်ညီမှု၊ သင်ကြားသည့်ရည်ရွယ်ချက်များနှင့် ရလိုသည့် ရလဒ်များအပေါ်အခြေခံထားသည်။ မည်သို့ပင်ဖြစ်စေ အကြောင်းအရာအလိုက် အသင့်တော်ဆုံးသော နည်းလမ်းများ ကို သင်တန်းဆရာ(များ) မှရွေးချယ်ရန်ဖြစ်ပါသည်။

နောက်ဆက်တွဲ ၂ တွင် ကွဲပြားသည့်သင်ရိုးများအတွက် အကြံပြုထားသည့် လေ့လာမှုနည်းလမ်းများစာရင်းကိုဖော်ပြထားသည်။ မတူညီသည့်သတင်းရင်းမြစ်များကို အသုံးပြုပြီး အဆိုပါနည်းလမ်းများအား တပေါင်းတည်းဖော်ပြထားသည်။

၄-၅-၃။ သင်ထောက်ကူများ

အပြန်အလှန်ဆက်သွယ်ပြောဆိုရန်နှင့် ပါဝင်ကြသူများအားလုံ့ဆော်ရန် သင်ထောက်ကူများအသုံးပြုရန်လိုပါသည်။ အချို့သော သင်ရိုးများအတွက် သီးသန့်သင်ထောက်ကူလိုသော်လည်း မည်သည့်သင်ထောက်ကူသုံးမည်ကို သင်တန်းဆရာ (များ) မှ ရွေးချယ်ရန် ဖြစ်ပါသည်။

---

[4] A system to classify the objectives of the educational process. It divides the way people learn into three domains: the cognitive domain ["development of intellectual abilities" - knowledge], affective domain ["changes in interest, attitudes, and values" - attitudes] and psychomotor domain ["manipulative or motor-skill area" - skills]. Bloom, B. S. (Ed.) Engelhart, M. D., Furst, E. J., Hill, W. H., and Krathwohl, D. R., *Taxonomy of Educational Objectives: the classification of educational goals - Handbook I: the Cognitive Domain*, Longmans Green, & Co., New York, 1956.

[5] Reproduced from "Teaching tools: A digital handbook for academic lecturers", available at: http://vi.unctad.org/files/daaddlteachtools/html/1001282.html [accessed 25 November 2014].

၄-၅-၄။ ပံ့ပိုးကြသူများ

သင်တန်းတွင်အဖွဲ့အစည်းများ ပါဝင်မှုသည် မတူညီသည့်ကျွမ်းကျင်မှုများနှင့် နည်းလမ်းများရရှိစေခြင်းကြောင့် ကောင်းမွန်သည့် အချက်ဖြစ်သော်လည်း သင်တန်းပို့ချရန် အထူးသဖြင့် အတွေ့အကြုံလိုအပ်သည့် သင်ရိုးများအတွက် အတွေ့အကြုံရှိသည့် လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် အခြားသင့်တော်သည့်ကျွမ်းကျင် ပညာရှင် များ ပါဝင်ရန်အကြံပြုလိုပါသည်။ အဆိုပါအရာရှိများ အား သင်တန်းပို့ချစေခြင်းသည် သက်မွေးအသိပညာပေးနိုင်ရန် အောင်မြင်သည့်နည်းလမ်းဖြစ်ကြောင်း သက်သေများရှိပါသည်။

၄-၅-၅။ ပစ္စည်းကိရိယာများ

အချို့သောသင်ရိုးများသည်ကိရိယာများအသုံးပြုရန်လိုပြီး သင်ရိုးညွှန်းတမ်းတွင်ဖော်ပြထားသည်။

၄-၅-၆။ စိစစ်လေ့လာချက်

လုပ်ငန်းဝင်သင်တန်းစိစစ်ချက်ဖြင့် သင်တန်းရည်မှန်းချက်များအောင်မြင်မှု၊ ပါဝင်ကြသူများ၏အသိပညာနှင့်ကျွမ်းကျင်မှုများ တိုးတက်မှု အဆင့်တို့ ကိုအကဲဖြတ်နိုင်သည်။

သင်တန်းပြီးဆုံးသည့်အခါ ရေးဖြေ ဖြေဆိုစေခြင်းဖြင့် စိစစ်မှုလုပ်နိုင်သည်။ ရရှိထားသည့်ကျွမ်းကျင်မှုများကိုပြသနိုင်ရန်အတွက် မေးခွန်းတိုများ၊ ရွေးချယ်မှုများနှင့် မှား/မှန် ကဲ့သို့ မတူညီသည့်မေးခွန်းပုံစံများဖြင့် စစ်ဆေးရန်အကြံပြုပါသည်။

သင်တန်းတွင်မတူညီသည့်လက်တွေ့လေ့ကျင့်ခန်းများနှင့်ဆောင်ရွက်ချက်များပါဝင်ရန် ရည်ရွယ်သည့်အလျောက် ၂ပတ် သင်တန်း အတွင်း ပါဝင်မှုနှင့်တုံ့ပြန်မှုများအားလည်း လေ့လာသင်ယူမှုလုပ်ငန်းစဉ်တွင် အကဲဖြတ်ရန်စဉ်းစားသင့်ပါသည်။ အကဲဖြတ်မှုနည်းလမ်းမှာ သင်တန်းဆရာ(များ)၏သဘောအတိုင်းသာဖြစ်သည်။

၄-၆။ မာတိကာ

အခန်း ၁	အခန်း ၂	အခန်း ၃	အခန်း ၄	အခန်း ၅	အခန်း ၆

၄-၆-၁။ နယ်စပ်ဒေသထိန်းချုပ်ရေးအခြေခံများ

အချိန်။ ၁၀ နာရီ

သင်တန်းအစတွင် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် နယ်စပ်ဒေသထိန်းချုပ်ရေးတာဝန်များကို ထိရောက်စွာ ထမ်းဆောင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုကိုတည်ဆောက်သည့်အနေဖြင့် ပထမဆုံး အခြေခံကျသည့် နောက်ခံအခြေအနေကို လေ့လာရမည်။

အခန်း ၁ တွင်မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအား နယ်စပ်ဒေသစီမံခန့်ခွဲရေးတွင် နယ်စပ် ဆိုသည့်ဝေါဟာရအား နားလည်စေခြင်း၊ ဝန်ထမ်းများနှင့် ခရီးသည်များ အတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး အသိနှင့် သတိပေးချက်၊ လည်ပတ်လျက်ရှိသည့် ခရီးသွားအထောက်အထားမျိုးစုံနှင့် ပုံစံများကို ခွဲခြားခြင်း၊ စစ်မှန်သည့် အထောက်အထား ဟုတ်၊ မဟုတ် လုံခြုံရေးအစီအမံများကို စစ်ဆေးတတ်ခြင်း စသည်တို့ပါဝင်ရမည်။ အဆိုပါအချက်များသည် နယ်စပ်ဒေသအရာရှိများ အတွက် မျက်နှာစာတန်းတွင်တာဝန်ထမ်းဆောင်နိုင်ရန်လိုအပ်သည့်အခြေခံအသိပညာနှင့်ကျွမ်းကျင်မှုများဖြစ်သည်။

အခန်း ၁ တွင် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများအတွက်လုပ်ငန်းဝင်သင်တန်းမိတ်ဆက်အပိုင်းဖြစ်သည့် အဓိက အကြောင်းအရာ ၄ မျိုးကို ဖော်ပြထားသည်။

သင်ရိုး ၁ - နယ်စပ်ဒေသထိန်းချုပ်ရေးနှင့်လုံခြုံရေး

နယ်စပ်ဒေသဆိုတာဘာလဲ? နယ်စပ်ဒေသအငြင်းပွားမှုများကဘာတွေလဲ? မတူညီသည့်နယ်စပ်ဂိတ်အမျိုးအစားများက ဘာတွေလဲ? နယ်စပ်များကိုဘာကြောင့်ထိန်းချုပ်ကြသလဲ? နယ်စပ်ထိန်းချုပ်မှုကဘာကြောင့်အရေးကြီးသလဲ? အဖွဲ့အစည်းနှင့် နယ်စပ်လုံခြုံရေးအတွက် အခြေခံအဆောက်အဦများက မည်သို့ကူညီပံ့ပိုးသလဲ? နယ်စပ်ဒေသကာကွယ်စောင့်ရှောက်ရေးတွင် ပါဝင်သည့် အဓိကဌာနများက ဘာတွေလဲ? နယ်စပ်ဒေသတွင် ဌာနအချင်းချင်းဆက်သွယ်မှုမည်သို့အရေးပါသလဲ? နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုတာဘာလဲ? စသည့်အဓိကမေးခွန်းများကို ဆွေးနွေးရန်ဖြစ်သည်။

ယခုသင်ရိုးတွင် မည်သည့်အတွက်ဆိုသည်နှင့် နယ်စပ်ဒေသထိန်းချုပ်ရေးအရေးပါပုံ၊ နယ်စပ်ဒေသ ကာကွယ်စောင့်ရှောက်ရေး တွင် အခြားဌာနများပူးပေါင်းပါဝင်မှုအရေးကြီးပုံ နှင့် သဘောတရား၊ နယ်စပ်ဒေသ အဓိပ္ပါယ်၊ နယ်စပ်လုံခြုံရေးနှင့် စီမံခန့်ခွဲမှုစသည်တို့နှင့် နယ်စပ်ဒေသအရာရှိများ အသားကျစေရန်ရည်ရွယ်သည်။

သင်ရိုး ၂- လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းမှု

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးပေါ်လစီသည် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများနှင့် ကျန်းမာရေး အန္တရာယ်များကို ကာကွယ်ပေးသည်။ ဘေးကင်းသည့်လုပ်ငန်းခွင်တည်ဆောက်ခြင်းဖြင့် ဝန်ထမ်းများအား ကာကွယ်နိုင်သည်သာမက လုပ်ငန်းခွင် နှင့် ဆက်စပ်သူအားလုံးကိုပါ ကာကွယ်နိုင်သည်။

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အခြေခံလိုအပ်ချက် များကို သိရှိစေရန်ရည်ရွယ်ပြီး ဝန်ထမ်းများနှင့် ခရီးသည်များ နှင့်ဆက်စပ်သည့် ကျန်းမာရေး အန္တရာယ်များကို မည်သို့ဖော်ထုတ်၊ ကာကွယ်၊ လွှဲပြောင်းရမည့် အချက်များ ပါဝင်သည်။

သင်ရိုး ၃။ ခရီးသွားအထောက်အထားများ၊ နိုင်ငံကူးလက်မှတ်များနှင့်ဗီဇာများ မိတ်ဆက်

ဌင်းတို့၏နေ့စဉ်အလုပ်တွင် ကမ္ဘာ့ဒေသအနှံ့အပြားမှမတူညီသည့် နိုင်ငံကူးလက်မှတ်များ၊ ခရီးသွားအထောက်အထားများနှင့် ဗီဇာများကို စစ်ဆေးရသည်။ လက်ရှိသင်ရိုးများနှင့်တိုက်ဆိုင်ပြီးအရာရှိများအနေဖြင့်ထုတ်ပေးသည့်နိုင်ငံနှင့် အထောက်အထား အသီးသီး အတွက် ပထဝီဆိုင်ရာဒေသကို ဖော်ထုတ်နိုင်ရမည်ဖြစ်ပြီးအခြေခံကျသည့်ကျွမ်းကျင်မှုဖြစ်သည်။ ထို့အပြင် နိုင်ငံအလိုက်ထုတ်ထားသည့် ခရီးသွားအထောက်အထားများသည် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်းဖြစ်သောကြောင့် မျက်နှာစာတန်းတွင် စစ်ဆေးသည့်အခါ လွယ်ကူစေသည်။

ယခုသင်ရိုးတွင်လက်ရှိအသုံးပြုနေသြည့် ခရီးသွားအထောက်အထားများ၊ နိုင်ငံကူးလက်မှတ်များနှင့်ဗီဇာများအပြင် သက်ဆိုင်ရာ ထုတ်ပေးသည့်နိုင်ငံများအလိုက် အဓိကပထဝီဆိုင်ရာအချက်များအားအကျဉ်းချုပ် ပို့ချရန်ရည်ရွယ်သည်။ စက်ဖြင့် ဖတ်သည့် အထောက်အထားများ (MRTD) နှင့် eMRTD အတွက် နိုင်ငံတကာစံချိန်စံညွှန်းများကိုလည်း သင်ရိုးတွင်ထည့်သွင်းထားပြီး နယ်စပ်ထိန်းချုပ်ရေးတာဝန်များကို ထမ်းဆောင်သည့်အခါ အရာရှိများကို အထောက်အကူပြုစေမည့် သက်ဆိုင်ရာအချက် များ ကိုလည်း ထည့်သွင်းထားသည်။

သင်ရိုး ၄။ လုံခြုံရေးအစီအမံများမိတ်ဆက်

စစ်မှန်သည့်လုံခြုံရေးအထောက်အထားများဖြစ်သည့် နိုင်ငံကူးလက်မှတ်များ၊ ဗီဇာများနှင့် နေထိုင်ခွင့်များတွင် ဌင်းတို့၏ ယုံကြည်စိတ်ချရမှု အတွက် မတူညီသည့် လုံခြုံရေးအစီအမံများပါဝင်ပြီး စစ်ဆေးခံသကဲ့သို့ လိမ်လည်မှုများကို ကာကွယ်နိုင် သည်။ အထောက်အထားများ တွင်ပါဝင်သည့်လုံခြုံရေးအစီအမံများကိုသိရှိနားလည်ခြင်းဖြင့် အစစ်ဟုတ်၊ မဟုတ်ခွဲခြားနိုင် သည့် အပြင် နယ်စပ်ဒေသအရာရှိများအတွက် လိုအပ်သည့်အခြေခံကျွမ်းကျင်မှုလည်းဖြစ်သည်။

ယခုသင်ရိုးတွင် လုံခြုံရေးအစီအမံများကို စစ်ဆေးဖော်ထုတ်နိုင်ရန်လိုအပ်သည့်အသိပညာနှင့် ကျွမ်းကျင်မှုများကို ပေးနိုင်ရန် ရည်ရွယ်ပြီး မျက်နှာစာတန်းတွင် အထောက်အထားစစ်ဆေးရန်အတွက် ထိတွေ့စစ်ဆေးခြင်းနှင့် ဒီဂျစ်တယ်နည်းပညာဖြင့် စစ်ဆေးခြင်းတို့ကို အသားပေး ဖော်ပြထားသည်။

သင်ရိုး ၁။ နယ်စပ်ဒေသထိန်းချုပ်ရေးနှင့် လုံခြုံရေး

အချိန်။ ၁ နာရီ

အကြောင်းအရာများ

- လေကြောင်း၊ ရေကြောင်းနှင့် နယ်မြေ များအပါအဝင် နယ်စပ်ဒေသ အဓိပ္ပါယ်
- နယ်စပ်ဒေသကာကွယ်စောင့်ရှောက်ရေးနှင့် အဓိကရည်ရွယ်ချက်များ
- မတူညီသည့်နယ်စပ်ဂိတ်အမျိုးအစားများ
- နယ်စပ်ဒေသသဘောထားကွဲလွဲမှုများ အဓိပ္ပါယ်
- နိုင်ငံတကာနယ်နိမိတ်နှင့် ရေပိုင်နက်အငြင်းပွားမှုများ
- နယ်စပ်ဒေသရှိအခြေခံအဆောက်အဦ
  - ☐ **အဖွဲ့ အစည်းရှိ အခြေခံအဆောက်အဦနှင့်** နယ်စပ်ဒေသလုံခြုံရေးကဏ္ဍ
- နယ်စပ်ဒေသထိန်းချုပ်မှု အကြောင်းရင်းများနှင့် အရေးပါမှု
- နယ်စပ်ဒေသကာကွယ်စောင့်ရှောက်ရေး
  - ☐ **အဓိကအဖွဲ့ အစည်းများနှင့်** ပူးပေါင်းဆောင်ရွက်မှုအရေးပါပုံ

ယခုသင်ခန်းစာပြီးဆုံးလျှင် မျက်နှာစာတန်းအရာရှိများသည် -

အသိပညာ	ကျွမ်းကျင်မှု	သဘောထား
▪ နယ်စပ်ဒေသ အဓိပ္ပါယ် ▪ မတူညီသည့်နယ်စပ် အမျိုးအစားများ ▪ နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် အဘယ်ကြောင့်အရေးပါပုံ ▪ မတူညီသည့်နယ်စပ်ဂိတ်အမျိုးအစားများ ▪ နယ်စပ်ဒေသအငြင်းပွားမှုများအတွက် တူညီသည့်အကြောင်းပြချက် ▪ အဖွဲ့ အစည်းနှင့်နယ်စပ်ဒေသလုံခြုံရေး အတွက် အခြေခံ အဆောက်အဦ အရေးပါမှု ▪ နယ်စပ်ဒေသထိန်းချုပ်ရသည့် အကြောင်းရင်းနှင့် အရေးပါမှု ▪ နယ်စပ်ဒေသကာကွယ်စောင့်ရှောက်ရေးအတွက် အဓိကကျသည့်ဌာနများ နှင့် ပူးပေါင်းဆောင်ရွက်မှုအရေးကြီး ပုံ	မလိုအပ်	မလိုအပ်

လေ့လာမှုနည်းလမ်းများ

ပို့ ချချက်၊ ဆွေးနွေးမှု၊ ပိုင်းဝန်းဆွေးနွေးအဖြေရှာခြင်း၊ အုပ်စုငယ်များဖွဲ့ ကာဆွေးနွေးခြင်း။

သင်ထောက်ကူများ

ဆလိုက်များဖြင့်တင်ပြခြင်း၊ ဗီဒီယို (သို့) အခြားသင့်တော်ရာ သင်ထောက်ကူ။

အချက်အလက်ရင်းမြစ်များ

https://www.dur.ac.uk/ibru

http://www.paulhensel.org/territory.html

လိုအပ်သည့်ပြင်ဆင်မှု

စာသင်ခန်းပုံစံ - ယူ ပုံစံ

IT ကိရိယာများ။ ပရိုဂျက်တာ၊ အိတ်ဆောင်ကွန်ပြူတာ၊ ကြိုးမဲ့ပွိုင့်တာ။
အခြား။ မိုက်ကရိုဖုန်း၊ စာရွက်များ၊ မာကာများနှင့် ဘောပင်များ။

သင်ရိုး ၂။ လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး

အချိန်။ ၁နာရီ

အကြောင်းအရာ

- လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေးအဓိပ္ပါယ်
- လုပ်ငန်းခွင်ရှိ ကျန်းမာရေးအန္တရာယ်များ
- လုပ်ငန်းခွင်ရှိဝန်ထမ်းများနှင့် ခရီးသည်များနှင့်ဆက်စပ်လျက်ရှိသည့်ကျန်းမာရေးအန္တရာယ်များကိုမည်သို့ ဖော်ထုတ်၊ ကာကွယ်မည်
- ပြည်သူ့ ကျန်းမာရေးအချက်များ (အချက်အလက်၊ သင်ကြားရေးနှင့် ဆက်သွယ်ရေး) United Nations, World Health Organization and Ministry of Health).
- ဝန်ထမ်းများနှင့်ခရီးသည်များနှင့်ပတ်သက်သည့် ကျန်းမာရေး အန္တရာယ်များကို လွှဲပြောင်းပေးခြင်း

ယခုသင်ခန်းစာပြီးဆုံးလျှင် မျက်နှာစာတန်းအရာရှိများသည် -

အသိပညာ	ကျွမ်းကျင်မှုများ	သဘောထား
▪ လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး အဓိပ္ပါယ် ▪ လုပ်ငန်းခွင်ရှိ ကျန်းမာရေးအန္တရာယ်များနှင့် မည်သို့ ဖော်ထုတ်၊ ကာကွယ်မည် ▪ လုပ်ငန်းခွင်တွင်ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာအချက်အလက်များ	▪ ဝန်ထမ်းများနှင့်ခရီးသည်များ နှင့်ပတ်သက်သည့် ကျန်းမာရေး အန္တရာယ်များကို သင့်လျော်သူထံ လွှဲပြောင်းပေးခြင်း	▪ လုပ်ငန်းခွင်ဘေးကင်းရေး အသိရှိရမည်။

လေ့လာမှုနည်းလမ်းများ

ပို့ ချချက်၊ ဆွေးနွေးမှု၊ ဝိုင်းဝန်းဆွေးနွေးခြင်း၊ လက်တွေ့ လေ့ကျင့်ခန်းများ (ကြိုတင်ကာကွယ်မှုပြုလုပ်နိုင်သည့် ကျန်းမာရေးဆိုင်ရာအလေ့အထများ)

သင်ထောက်ကူများ

ဆလိုက်များဖြင့်တင်ပြခြင်း၊ စာစောင်များ၊ ဗီဒီယို (သို့)အခြားသင့်တော်သည့်သင်ထောက်ကူများ

အချက်အလက်ရင်းမြစ်များ

http://www.who.int/topics/occupational_health/en/
http://www.who.int/topics/en/
http://www.who.int/topics/infectious_diseases/en/

လိုအပ်သည့်ပြင်ဆင်မှုများ

စာသင်ခန်းပုံစံ - ယူ ပုံစံ

IT ကိရိယာများ။ ပရိုဂျက်တာ၊ အိတ်ဆောင်ကွန်ပြူတာ၊ ကြိုးမဲ့ပွိုင့်တာ။
အခြား။ မိုက်ကရိုဖုန်း၊ စာရွက်များ၊ မာကာများနှင့် ဘောပင်များ။

သင်ရိုး ၃- ခရီးသွားအထောက်အထား၊ နိုင်ငံကူးလက်မှတ်များနှင့် ဗီဇာများ

အချိန်။ ၄နာရီ

အကြောင်းအရာများ

- ပထဝီအချက်အလက်များ (နိုင်ငံများ၊ အထူးအုပ်ချုပ်ခွင့်ဒေသများ၊ မှီခိုသည့်ပိုင်နက်များနှင့် အခြားသင့်လျော်သည့်အချက်များ)
- ခရီးသွားအထောက်အထားများ၊ နိုင်ငံကူးလက်မှတ်များနှင့် ဗီဇာများအဆင့်ဆင့်ပြောင်းလဲမှု
- လည်ပတ်လျက်ရှိသည့် ခရီးသွားအထောက်အထားများ၊ နိုင်ငံကူးလက်မှတ်များနှင့် ဗီဇာများအကျဉ်းချုပ်
  - ☐ အထောက်အထားအမျိုးအစားများ
  - ☐ မတူညီသည့်နိုင်ငံများမှနမူနာပုံစံများ
- MRTD နှင့် eMRTD တို့အတွက်နိုင်ငံတကာလေကြောင်းသွားလာရေးအဖွဲ့အစည်း (ICAO) မှအကြံပြုထားသည့် နိုင်ငံတကာစံချိန်စံညွှန်းများ မိတ်ဆက်။
  - ☐ MRTD အဓိပ္ပါယ်နှင့်နမူနာများ
  - ☐ eMRTDs အဓိပ္ပါယ်နှင့်နမူနာများ
  - ☐ MRZ အဓိပ္ပါယ်၊ ရှင်းလင်းချက်နှင့် နမူနာများ
  - ☐ MRTD ပုံစံ/အရွယ်အစား
- (ePassport) အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်များ
  - ☐ အဓိပ္ပါယ်
  - ☐ ePassport ဖြစ်ကြောင်းမျက်မြင် ဖော်ပြချက်
  - ☐ ထိတွေ့မရနိုင်သည့် မှတ်ဉာဏ်ပြားအတွင်းရှိအချက်များ
  - ☐ **မှတ်ဉာဏ်ပြားတည်နေရာနှင့် ဖရိယာတိုင်**
- လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်ကိုလွယ်ကူစေမည့်အခြားအထောက်အထားများ

ယခုသင်ခန်းစာပြီးဆုံးပါကမျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည်

အသိပညာ	ကျွမ်းကျင်မှုများ	သဘောထား
▪ လည်ပတ်လျက်ရှိသည့် ခရီးသွားအထောက်အထားများ၊ နိုင်ငံကူးလက်မှတ်များနှင့် ဗီဇာများ အားဖော်ပြနိုင်ခြင်း။ ▪ နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း လိုက်နာသည့် ခရီးသွား အထောက်အထား များအရေးပါပုံကို ရှင်းလင်းနိုင်ခြင်း။ ▪ MRTD နှင့် eMRTD ခြားနားမှုကို ရှင်းလင်းနိုင်ခြင်း။	▪ မတူညီသည့်ခရီးသွားအထောက်အထား၊ နိုင်ငံကူးလက်မှတ်များ၊ ဗီဇာများကို ထုတ်ပေးသည့်နိုင်ငံအလိုက် ပထဝီဒေသပါခွဲခြားနိုင်ခြင်း။ ▪ စက်ဖြင့်ဖတ်နိုင်သည့် နိုင်ငံကူးလက်မှတ်ကိုသိရှိခြင်း ▪ စက်ဖြင့်ဖတ်နိုင်သည့်ဗီဇာ အကြောင်း သိရှိခြင်း။	မလိုအပ်

▪ MRZအကြောင်းရှင်းပြနိုင်ခြင်းနှင့် ပါဝင်သည့်အချက်များကိုရှင်းပြ နိုင်ခြင်း။ ▪ မတူညီသည့် MRTD ပုံစံများ/ အရွယ်အစားများ ▪ ePassport အကြောင်းရှင်းပြနိုင်ခြင်း ▪ ePasspoart တွင်ထိထွေ့ မရသည့် မှတ်ဉာဏ်ပြားရှိအချက်များနှင့် တည်နေရာကိုရှင်းပြနိုင်ခြင်း ▪ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်ကို ချောမွေ့စေသည့်အခြားအထောက် အထားများကို ဖော်ပြနိုင်ခြင်း	▪ အီလက်ထရောနစ် နိုင်ငံကူးလက်မှတ် ကို သိရှိခြင်း။	

လေ့လာမှုနည်းလမ်းများ

ပို့ချမှု၊ အထောက်အထားမျိုးစုံနမူနာများအသုံးပြုပြသခြင်း၊ အထောက်အထားအမျိုးအစား၊ထုတ်ပေးသည့် နိုင်ငံနှင့် သက်ဆိုင်ရာဒေသများကို လက်တွေ့လေ့ကျင့်ခြင်း။ ICAO အတိုင်းလိုက်နာသည့်လက်တွေ့လေ့ကျင့်ခန်းများနှင့် မလိုက်နာသည့်အထောက်အထားနမူနာများ

သင်ထောက်ကူများ

ဆလိုက်များအသုံးပြုတင်ပြခြင်း၊ ဖြစ်နိုင်ပါက အချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များ၊ မတူညီသည့် အထောက်အထားအမျိုးအစား နမူနာများ၊ ဗီဒီယို (သို့) အခြားရနိုင်သည့်သင်ထောက်ကူများ။

သတင်းရင်းမြစ်များ

http://www.edisontd.net/

http://www.icao.int/publications/pages/publication.aspx?docnum=9303

http://www.icao.int/Security/mrtd/Pages/MRTDGlossary.aspx

http://www.prado.consilium.europa.eu/EN/glossaryPopup.html

https://www.cia.gov/library/publications/the-world-factbook/ Countries

http://www.asean.org/

List of Three Letter Country Codes (ICAO)

Interpol Code List for Types of Documents

လိုအပ်သည့်ပြင်ဆင်မှုများ

စာသင်ခန်းပုံစံ - ယူ ပုံစံ

IT ကိရိယာများ။ ပရိုဂျက်တာ၊ အိတ်ဆောင်ကွန်ပြူတာ၊ ကြိုးမဲ့ပွိုင့်တာ။
အခြား။ မိုက်ကရိုဖုန်း၊ စာရွက်များ၊ မာကာများနှင့် ဘောပင်များ။

သင်ရိုး ၄ - လုံခြုံရေးအစီအမံများမိတ်ဆက်

အချိန်။ ၄နာရီ

အကြောင်းအရာများ

- .မတူညီသည့်လုံခြုံရေးအလွှာများ
- လုံခြုံရေးအစီအမံ အဓိပ္ပါယ်
- ထိတွေ့ ရ သည့်လုံခြုံရေးအစီအမံများ
  - ☐ ထုတ်လုပ်စဉ်ကတည်းကထည့်သွင်းထားသည့် ပထမဆင့်၊ဒုတိယဆင့် လုံခြုံရေးအစီအမံများနှင့် နိုင်ငံကူးလက်မှတ်များ၊ ဗီဇများနှင့် နေထိုင်ခွင့်များအတွက် ကိုယ်ပိုင်အမှတ်သညာပြုခြင်း
  - ☐ ထိတွေ့ ရနိုင်သည့်လုံခြုံရေးအစီအမံများကို စစ်ဆေးရန်ကိရိယာများ
- ဒီဂျစ်တယ်စံနစ်ဖြင့်လုံခြုံရေးအစီအမံများ
  - ☐ ICAO စံညွှန်းများအတိုင်းထုတ်လုပ်ထားသည့် eMRTD များအတွက် သတ်မှတ်ထားသည့်ဒီဂျစ်တယ်လုံခြုံရေးအစီအမံများ
  - ☐ ဒီဂျစ်တယ်လုံခြုံရေးအစီအမံများကိုစစ်ဆေးရန်ကိရိယာများ

ယခုသင်ခန်းစာပြီးဆုံးလျှင် မျက်နှာစာတန်းအရာရှိများသည် -

အသိပညာ	ကျွမ်းကျင်မှုများ	သဘောထား
▪ အောက်ပါဖြစ်စဉ်အဆင့်ဆင့်တွင် ထည့်သွင်းသည့်လုံခြုံရေးအစီအမံများကိုရှင်းပြနိုင်ခြင်း။ အောက်ခံအလွှာထုတ်လုပ်ခြင်း၊ ပုံနှိပ်ခြင်း၊ပေါင်းစည်းတွဲစပ်ခြင်း။ ကိုယ်ပိုင်အမှတ်သညာပြုခြင်း ▪ eMRTD တွင်ပါရှိသည့် ဒီဂျစ်တယ်လုံခြုံရေးအစီအမံများ	▪ နိုင်ငံကူးလက်မှတ်များ၊ ဗီဇများနှင့် နေထိုင်ခွင့်များတွင် ပါရှိသည့် လုံခြုံရေးအစီအမံများကို သိရှိခြင်း။ ▪ ထိတွေ့ ရနိုင်သည့်လုံခြုံရေးအစီအမံများ ကို မည်သည့်ကိရိယာဖြင့် စစ်ဆေးရ မည်ကိုသိရှိခြင်း။ ▪ eMRTD များ စစ်မှန်မှုကို သင့်တော်သည့်ကိရိယာ အသုံးပြုစစ်ဆေးနိုင်ခြင်း။	မလိုအပ်

လေ့လာမှုနည်းလမ်းများ

ပို့ ချမှု၊ အထောက်အထားနမူနာများအသုံးပြုပြသခြင်း (နိုင်ငံကူးလက်မှတ်များ၊ ဗီဇများနှင့် နေထိုင်ခွင့်များ) နှင့် အထောက်အထားနမူနာများနှင့် ကိရိယာများအသုံးပြုသည့်လက်တွေ့ လေ့ကျင့်ခန်းများ။

သင်ထောက်ကူများ

ဆလိုက်များအသုံးပြုတင်ပြခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ဝေါဟာရများ၊ လုံခြုံရေးအစီအမံများနှင့်ပတ်သက်သည့်ဗီဒီယို၊ လုံခြုံရေးအစီအမံများနမူနာ၊ အထောက်အထားအစစ် နမူနာ။

eLearning သင်ရိုး။ အောက်ခံအလွှာများမိတ်ဆက်။ ပုံနှိပ်ခြင်းနှင့် ကိုယ်ပိုင်အမှတ်သညာပြုခြင်း။ https://members.baliprocess.net] တွင်ရှာဖွေတွေ့ရှိနိုင်သည့် လုံခြုံရေး အစီအမံများမိတ်ဆက်။

အခြားသင်ထောက်ကူများ

ကိရိယာ

မှန်ဘီလူး (ဆယ်ဆ)။ အဖြူရောင်ဓာတ်မီးအပြင် ခရမ်းလွန်ရောင်ခြည်။ e-Reader.

သတင်းရင်းမြစ်များ

http://www.icao.int/publications/pages/publication.aspx?docnum=9303

http://www.icao.int/Security/mrtd/Pages/MRTDGlossary.aspx

လိုအပ်သည့်ပြင်ဆင်မှုများ

စာသင်ခန်းပုံစံ - ယူ ပုံစံ

IT ကိရိယာများ။ ပရိုဂျက်တာ၊ အိတ်ဆောင်ကွန်ပြူတာ၊ ကြိုးမဲ့ပွိုင့်တာ။
အခြား။ မိုက်ကရိုဖုန်း၊ စာရွက်များ၊ မာကာများနှင့် ဘောပင်များ။

၄-၆-၂။ ရွှေ့ပြောင်းအခြေချမှုနှင့်နယ်စပ်ဒေသစီမံခန့်ခွဲရေး

အချိန်။ ၉ နာရီ

ကမ္ဘာအနှံ့တွင် လူအများရွှေ့လျားမှုများပြားလာသည်နှင့်အမျှ ထိရောက်သည့်နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့်ပတ်သက်ပြီး နိုင်ငံများတွင်စိန်ခေါ်မှုများဖြစ်လာသည်။ ပုံမှန်နယ်စပ်ဖြတ်ကျော်စီးဆင်းမှုများလွယ်ကူချောမွေ့စေရေး လုပ်ဆောင်နေစဉ်မှာပင် ပုံမမှန်ရွှေ့ပြောင်း အခြေချမှုများနှင့် လူမှောင်ခိုနှင့်လူကုန်ကူးခြင်းများကဲ့သို့ ဖွဲ့စည်းထားသည့်နယ်စပ်ဖြတ်ကျော်မှုခင်းများကို ကာကွယ်တိုက်ဖျက်ရမည်။ အစိုးရအရာရှိများနယ်စပ်စစ်ဆေးရေးတာဝန်ထမ်းဆောင်ပြီး နယ်စပ်တလျောက်မှုခင်းများတွင်ပါဝင်ပတ်သက်သူများထိတွေ့သည့်နေရာဖြစ်သည့်အတွက် နယ်စပ်ဂိတ်များသည်အလွန်အရေးကြီးသည်။ ပထမဆုံးတုံ့ပြန်ရသည့်နေရာဖြစ်ခြင်းကြောင့် အဆိုပါမှုခင်းများအားစောလျင်စွာတားဆီးနိုင်ရန် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် အလွန်အရေးပါပြီး အကာကွယ်မဲ့ရွှေ့ပြောင်းအခြေချများနှင့်ပတ်သက်သည့်အခြေအနေများကိုဖော်ထုတ်ရာတွင်လည်းအရေးပါသည်။

ယခုသင်ခန်းစာတွင်ရွှေ့ပြောင်းအခြေချမှုများဖြစ်ပေါ်သည့်အခြေခံအကြောင်းရင်းများ၊ အချက်များနှင့် မတူညီသည့်ရွှေ့ပြောင်းအခြေချအဖွဲ့များပါဝင်သည်။ ရွှေ့ပြောင်းအခြေချများအတွက် မတူညီသည့်တရားရေးလမ်းကြောင်းများပါဝင်သည့်အပြင် ပုံမမှန်ရွှေ့ပြောင်းအခြေချမှုများ၊ ရွှေ့ပြောင်းအခြေချလူမှောင်ခိုများ၊ လူကုန်ကူးမှုများနှင့် နိုင်ငံတကာဥပဒေများအောက်ရှိဒုက္ခသည်များ၊ ပုံမမှန်ရွှေ့ပြောင်းအခြေချဟုသတ်မှတ်သည့်အဓိကအချက်များပါဝင်သည်။ နယ်စပ်ဖြတ်ကျော်မှုခင်းများကိုတိုက်ဖျက်ရန်အရေးကြီးပုံနှင့် အထောက်အကူပြုသည့်အချက်များကိုလည်းထည့်သွင်းဆွေးနွေးထားပါသည်။ အကာကွယ်မဲ့ရွှေ့ပြောင်းအခြေချများ၊ လူကုန်ကူးခံရသူများ၊ ခိုလှုံခွင့်တောင်းခံသူများနှင့် ဒုက္ခသည်များအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီကာကွယ်စောင့်ရှောက်နိုင်ရေးရှင်းလင်းပြသထားသည်။ နောက်ဆုံးတွင် ထိန်းသိမ်းမှု၊ ထိန်းသိမ်းမှုအပြင်အခြားနည်းလမ်းများနှင့် ပြန်ပို့သည့်လုပ်ငန်းစဉ်များပါဝင်သည်။

သင်ရိုး ၅။ ရွှေ့ပြောင်းအခြေချမှု

မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသည် တကမ္ဘာလုံးနှင့် ဒေသတွင်းရွှေ့ပြောင်းအခြေချပုံစံများကြောင့်ဖြစ်ပေါ်သည့် များပြားရှုပ်ထွေးသောစိန်ခေါ်မှုများအား တိုက်ရိုက်တွေ့ကြုံရင်ဆိုင် ရသည်။ ၄င်းတို့တာဝန်များကိုအပြည့်အဝထမ်းဆောင်နိုင်ရန် အဆိုပါစိန်ခေါ်မှုများကို ရှင်းလင်းစွာနားလည်သဘောပေါက်ရန်လိုပါသည်။

ယခုသင်ရိုးတွင် မျက်နှာစာတန်းနယ်စပ်ဒေသအရာရှိများသိသင့်သည့် အဓိက ဝေါဟာရများ၊ အယူအဆများနှင့် ရွှေ့ပြောင်းအခြေချမှုနှင့်ပတ်သက်သည့်မူဘောင်များ၊ အာရှနှင့်ပစိဖိတ်ဒေသအတွက် ရွှေ့ပြောင်းအခြေချလမ်းကြောင်းများနှင့် ပုံစံများ၊ ရွှေ့ပြောင်းအခြေချ စီမံခန့်ခွဲရေးတွင် အဓိကနေရာမှပါဝင်ကြသည့် ပြည်တွင်းနှင့် နိုင်ငံတကာမိတ်ဖက်များအကြောင်း ကိုသင်ကြားပေးရန်ရည်ရွယ်သည်။

